## Emmanuel ၌ Covid -19 အခြေအနေ

**ဖေဖော်ဝါရီ ၂၂**

လေးစား အပ်ပါသော မိဘများ/အုပ်ထိန်းသူများ နှင့် ကျောင်းမိသားစုဝင်များ

ဤ **အီးမေးလ်းသည် ကျွန်ုပ်တို့ကျောင်းတွင် Covid-19 ကိစ္စနှင့် ပတ်သက်ပြီး ဆက်နွယ်နေသော အခြေအနေများကို အသိပေးသော စာဖြစ်သည်။**

- ယနေ့တွင် ကျွန်ုပ်တို့ကျောင်း၌ ကျောင်းဆရာမ ၁ ယောက်နှင့် - ကျောင်းမိသားစု (၆) စု ဖြစ်သော ( မူကြို တန်း ၊ ၄ တန်း ၊ ၅ တန်း ၊ ၆ တန်း ၊ ၇ တန်း ၊ ၈ တန်း) မှ ကျောင်းသား ၉ ဦးတို့သည် Covid-19 ရောဂါရှိသူ နှင့် နီးကပ်စွာ ထိတွေ့မှု - အဆက်သွယ်ရှိကြောင်း ကျန်းမာရေးဌါန မှ အကြောင်းကြားထားသည်။
- ဆရာမသည် ယနေ့ ကျောင်း မစတင်မီတွင် Rapid Antigen Test (**RAT**) စစ်ဆေးရာ တွင် **Negative** အဖြေ ထွက်ရှိပြီး ကျန်းမာရေး ဌါနမှ အကြံပြုထားသည့်အတိုင်း စာမသင်တော့ဘဲ အိမ်သို့ ပြန်ခဲ့သည်။
- ကျောင်းသူ/သား များကိုလည်း သူတို့၏ မိဘများမှ အိမ်သို့ ခေါ်ယူပြီး အိမ်တွင် (၇) ရက် သီးသန့်နေရန် လိုအပ်သည်။

**နောက်ထပ် အဆင့်များမှာ-**

- အနီးကပ် အထိတွေ့-အဆက်သွယ်ရှိသူကို (Close contact ) အခြားသော အိမ်ထောင်စုဝင်များနှင့် အနီးကပ်ထိတွေ့မှု မရှိစေရပါ။
- Positive ရှိသူနှင့် အနီးကပ် ထိတွေ့မှု ရှိသော သူသာလျှင် Self-quarantine (သီးသန့်) နေရန် လိုအပ်သည်။
- အနီးကပ် ထိတွေ့မှု ရှိသူသည် Positive ဖြစ်လာပါက သူနှင့် နီးစပ်သောသူများသည်လည်း စစ်ဆေးမှုကို ခံယူပြီး သီးသန့်ခွဲခြားထားရမည် ဖြစ်သည်။
- (၇) ရက်မြောက်နေ့တွင် Rapid Antigen Test (**RAT**) စစ်ဆေးမှု ခံယူရမည် ဖြစ်ပြီး **Negative** ဖြစ်ပါက အလုပ် (သို့မဟုတ်) ကျောင်းသို့ တက်ရောက်ခွင့် ရပါမည်။
- စမ်းသပ်ခြင်း နှင့် သီးခြား သီးသန့် နေထိုင်မှုဆိုင်ရာ များအတွက် အစိုးရ၏ ပြဌါန်းထားသော အချက်အလက်များကို အောက်တွဲ ပူးတွဲ ဖော်ပြထားပါသဖြင့် ကျေးဇူးပြု၍ ကြည့်ပါ။
- WA ကျန်းမားရေးဌါန သည် AISWA မှတဆင့် ကျောင်းများတွင် လုပ်ဆောင်ရမည့် အချက်များကို ညွှန်ကြားသည်။

စီမံဆောင်ရွက်ချက်များဖြစ်သော စာသင်ခန်းများတွင် လေ ဝင် လေ ထွက် ကောင်း စေမည့် လမ်ကြောင်းများကို ဆက်လက် ထိန်းသိမ်းထားခြင်း၊ ဝန်ထမ်းများ နှင့် ကျောင်းသူ/သားများ Mask တပ်ထားခြင်း ၊ထိတွေ့မှု အများဆုံးရှိမည့် နေရာများအတွက် သန့်ရှင်ရေးကို ဆက်လက်၍ တိုးမြင့် လုပ်ဆောင်နေခြင်း ၊ စာသင်ခန်းတိုင်းတွင် လက်သန့်စင်ဆေးရည်များ ထားခြင်း ၊ တကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ သတိပေးခြင်းများနှင့် ပုံမှန် ဂရုစိုက် လုပ်ဆောင်ခြင်းဖြင့် ကျောင်းကို ဆက်လက် ဖွင့်ထားနိုင်ရန်နှင့် ကျောင်းအချိန်အတွင် ကလေးသူငယ်များ ဘေးကင်စွာဖြင့် စာသင်နိုင်ရန် ရည်ရွယ်သည်။

အခြားသော ညွှန်ကြားချက်များ မရှိပါက မနက်ဖြန် နံနက် ၈း၃၀ တွင် ဝန်ထမ်းများနှင့် ကျောင်းသူ/သားများအတွက် ကျောင်းကို ပုံမှန်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသူ/သားများကို လည်း ပုံမှန်အတိုင် ကြိုဆို မြော်လင့်နေပါသည်။

**ကျွန်ုပ်တို့၏ ကျောင်းနှင့်ပတ်သက်သည့် ပြဿနာ တစ်စုံတစ်ခုကို ညွှန်ကြားချက် ရရှိသည်နှင့် တပြိုင်နက် မိသားစုများထံသို့ ချက်ခြင်းဆက်သွယ် အကြောင်းကြားမည်ဖြစ်ကြောင်း အာမခံပါသည်။**

ကျွန်ုပ်တို့၏ ကျောင်း Community အတွက် ဆက်လက်ပြီး သင်၏ ပံ့ပိုးကူညီမှု နှင့် ဆုတောင်းပေးမှုတို့အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်လက်၍ အသိပေးပါအုံးမည်။

In Christian Service,

Carol Davis